<u>ကုန်သွယ်မှု မူဝါဒ ကောင်စီသို့ တင်ပြသည့်</u>

<u>အမှာစာ</u>

အကြောင်းအရာ။ <u>အာသောက ဟိုတယ် ကုမ္ပဏီ လီမိတက် မှ ဟိုတယ်လုပ်ငန်း ဆောင်ရွက်ရန် အဆိုပြု တင်ပြခြင်း ကိစ္စ။</u>

၁။ မြန်မာကုမ္ပဏီဖြစ်သော အာသောက ဟိုတယ် ကုမ္ပဏီ လီမိတက် (Arthawka Hotel Co., Ltd.) မှ ဟိုတယ်လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက်ရန် အဆိုပြု တင်ပြလာပါသည်။ ယင်း အဆိုပြုချက်ကို (၁၅–၆–၂၀၀၀)နေ့တွင် ကျင်းပ ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၁၉/၂၀၀၀) အစည်းအဝေးသို့ တင်ပြခဲ့ရာ လုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန် မူအားဖြင့် သဘောတူပြီး ကုန်သွယ်မှု မူဝါဒ ကောင်စီသို့ ဆက်လက် တင်ပြရန် ဆုံးဖြတ်ချက်အရ တင်ပြခြင်းဖြစ်ပါသည်။ အဆိုပြုချက်နှင့်အတူ ရှေ့ဆိုင်းငွေပေးချေခြင်း စနစ် သဘောတူစာချုပ် (မူကြမ်း)၊ မြေငှားသဘောတူစာချုပ် (မူကြမ်း)တို့ကို <u>နောက်ဆက်တွဲ(၁)</u> အဖြစ် တင်ပြထားပါသည်။

၂။ ယင်းလုပ်ငန်း၏ မတည်ငွေရင်း ပမာဏမှာ အမေရိကန်ဒေါ်လာ (၁.၀၀)သန်း အပါအဝင် စုစုပေါင်း ကျပ် (၁၆၂.၀၀)သန်း ဖြစ်ပါသည်။ ယင်းတွင်ငွေသား ကျပ် (၈၀.၀၀)သန်း၊ အဆောက်အဦတန်ဖိုး ကျပ် (၇၆.၀၀)သန်း၊ စက်ပစ္စည်းကိရိယာ တန်ဖိုး ကျပ် (၁.၅၆)သန်း {အမေရိကန်ဒေါ်လာ (၀.၂၆)သန်း}၊ ပရိဘောဂနှင့် လုပ်ငန်းသုံးပစ္စည်းများတန်ဖိုး ကျပ် (၁.၆၅)သန်း {အမေရိကန်ဒေါ်လာ (၀.၂၇)သန်း}၊ အထွေထွေတန်ဖိုး ကျပ် (၂.၇၉)သန်း {အမေရိကန်ဒေါ်လာ (၀.၄၇)သန်း} ထည့်ဝင် ရင်းနှီးမည် ဖြစ်ပါသည်။ စက်ပစ္စည်းကိရိယာများကို အမေရိကန်နိုင်ငံရှိ Pan Asean Capital Management မှရှေ့ဆိုင်းငွေပေးချေခြင်း စနစ်အရ ဝယ်ယူမည်ဖြစ်ပြီး တစ်နှစ်လျှင် အတိုးနှုန်း (၁၀)ရာခိုင်နှုန်းဖြင့် ဆိုင်းငံ့ကာလ (၁)နှစ် အပါအဝင် (၆)နှစ်အတွင်း ပြန်လည်ပေးဆပ်ရမည် ဖြစ်ပါသည်။

၃။ ယင်းလုပ်ငန်းကို မန္တလေးဟတ်ဝု ကုမ္ပဏီ လီမိတက် အမည်ဖြင့် ညောင်ဦးခရိုင် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှ ချပေးထားသော ဦးပိုင်အမှတ် (၁၅၇၊ ၁၅၈၊ ၁၅၉၊ ၁၆၀၊ ၁၆၁၊ ၁၆၂၊ ၁၇၂၊ ၁၇၃၊ ၁၇၄)၊ သမုဒ္ဒရာဇ်ရပ်၊ ကျန်စစ်သားရပ်ကွက်၊ ပုဂံမြို့သစ်၊ ညောင်ဦးမြို့နယ်ရှိမြေ (၀.၉၉) ဧက (၄၀၀၆.၃၉ စတုရန်းမီတာ) ကို ငှားရမ်း၍ ဟိုတယ်လုပ်ငန်းဆောင်ရွက်မည် ဖြစ်ပါသည်။

၄။ ယင်းလုပ်ငန်းကိုဆောင်ရွက်ရန် အခန်း (၆၀)ပါ (၂)ထပ် အဆောက်အဦ (၁)လုံး တည်ဆောက်မည်ဖြစ်ပါသည်။ ပုံမှန်နှစ်တွင် အခန်းစုစုပေါင်း၏ (၅၂) ရာခိုင်နှုန်းကို တစ်ခန်းလျှင် အမေရိကန်ဒေါ်လာ (၆၉)နှုန်းဖြင့်လည်းကောင်း၊ (၄၇) ရာခိုင်နှုန်းကို တစ်ခန်းလျှင် ကျပ် (၁၀၇၁၈)နှုန်းဖြင့်လည်းကောင်း ငှားရမ်းနိုင်မည်ဖြစ်ပါသည်။

၅။ ယင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ်တွင် ရရှိမည့် ဝင်ငွေနှင့် အသုံးစရိတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်သန်း)

		ပြည်တွင်း	နိုင်ငံခြား	စုစုပေါင်း
(က)	ဝင်ငွေ	၁၃၆.၀၁	၅.၈၂	၁၄၁.၈၃
(ခ)	အသုံးစရိတ်	၁၀၅.၁၄	၃.၅၇	၁၀၈.၇၁
(ဂ)	အသားတင်အမြတ်	၃၀.၈၇	၂.၂၅	၃၃.၁၂

၆။ ယင်းလုပ်ငန်း၏ အရင်းကြေကာလမှာ (၆)နှစ်နှင့် (၁၁)လဖြစ်ပြီး အရင်းအနှီးအပေါ် အကျိုးအမြတ်ပြန်ပေါ်နှုန်း (IRR) မှာ (၃၀)ရာခိုင်နှုန်း ဖြစ်ပါသည်။

၇။ ယင်းလုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ်တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က)	ဝင်ငွေခွန်	ကျပ်	၁၃.၂၃ သန်း
		အမေရိကန်ဒေါ်လာ	၀.၀၇ သန်း
(ခ)	ကုန်သွယ်လုပ်ငန်းခွန်	ကျပ်	၁၁.၃၃ သန်း
		အမေရိကန်ဒေါ်လာ	၀.၀၈ သန်း

၈။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် ပြည်တွင်းမှ ဝန်ထမ်း (၉၈)ဦး နှင့် ပြည်ပမှ ဝန်ထမ်း (၃)ဦး ခန့်ထားမည် ဖြစ်ပါသည်။

၉။ ယင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုရန်အတွက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ သဘောထားမှတ်ချက် တောင်းခံရာ လုပ်ငန်းကို ကန့်ကွက်ရန်မရှိသော်လည်း မြေပိုင်ဆိုင်မှုမှာ မှန်ကန်မှုမရှိသေးကြောင်း ပြန်ကြားထားပါသည်။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ ဟိုတယ်ဆောက်လုပ်ရန် ခွင့်ပြုမိန့်၏ သက်တမ်းမှာ (၂၀၀၁) ခုနှစ် စက်တင်ဘာလတွင် ကုန်ဆုံးမည်ဖြစ်ကြောင်း၊ ယခုအခါ ဆက်လက် ဆောက်လုပ်ခြင်းမရှိဘဲ ရပ်တန့်နေကြောင်းနှင့် ကန့်ကွက်ရန်မရှိကြောင်း ပြန်ကြားထားပါသည်။

၁၀။ ယင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်ပြီး နိုင်ငံခြားမှ မည်သူမျှ ပိုင်ဆိုင်မှုမရှိကြောင်း၊ မြေယာနှင့် ပတ်သက်၍ နိုင်ငံတော်မှ သတ်မှတ် ပြဋ္ဌာန်းမည့် စည်းကမ်း သတ်မှတ်ချက်များကို လိုက်နာ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းမှု နှင့် မီးဘေးအန္တရာယ်များ မဖြစ်ပွားစေရန် ကြိုတင် ကာကွယ်မှုများ ပြုလုပ်ထားမည်ဖြစ်ကြောင်း၊ ချေးငွေရယူခြင်းသည် နိုင်ငံတော်နှင့် သက်ဆိုင်ခြင်း

မရှိဘဲ ချေးငွေပေးသူနှင့် ယူသူတို့၏ တာဝန်သာဖြစ်ကြောင်း၊ ချေးငွေပြန်လည်ပေးဆပ်ရာတွင် အဆိုပြုလုပ်ငန်းမှ ရရှိသည့် တရားဝင် နိုင်ငံခြားငွေဖြင့်သာ ပေးဆပ်မည်ဖြစ်ကြောင်းနှင့် လုပ်ငန်းအသစ်ဖြစ်ကြောင်း ဝန်ခံကတိ ပြုထားပါသည်။

၁၁။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် လျှောက်ထားလာပါသည်။ ဥပဒေပုဒ်မ ၁၂ အရ စီးပွားရေးလုပ်ငန်းစတင်သောနှစ်အပါအဝင် တစ်ဆက်တည်း (၃)နှစ် အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် ပေးရမည် ဖြစ်ပါသည်။ ဥပဒေပုဒ်မ ၁၃ အရ အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များအနက် လုပ်ငန်းနှင့် သက်ဆိုင်သည့် အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် ကော်မရှင်မှ ညှိနှိုင်း ဆုံးဖြတ်ခဲ့ ပါသည်။

၁၂။ ဆုံးဖြတ်ရန်အချက်။

(က) အာသောက ဟိုတယ် ကုမ္ပဏီ လီမိတက်မှ ဟိုတယ်လုပ်ငန်း ဆောင်ရွက် ရန် အဆိုပြုတင်ပြခြင်းကို ခွင့်ပြုရန် သဘောတူ–မတူ။

(ခ) လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် သဘောတူပါက မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် သဘောတူ–မတူ။

၁၃။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ၏ ထောက်ခံချက်။

ကုန်သွယ်မှု မူဝါဒ ကောင်စီ၏ ဆုံးဖြတ်ချက်ကို နာခံအပ်ပါသည်။

(ဦးသောင်း)

ဥက္ကဋ္ဌ

ဝန်ကြီး၊ သိပ္ပံ နှင့် နည်းပညာ ဝန်ကြီးဌာန။

ကုန်သွယ်မှု မူဝါဒ ကောင်စီ။

၁၀။ <u>အာသောကဟိုတယ်ကုမ္ပဏီလီမိတက်မှ ဟိုတယ်လုပ်ငန်း ဆောင်ရွက်ရန်အဆိုပြုတင်ပြ ခြင်းကိစ္စ</u>။

ref/၀၀ MIC

ဒုတိယညွှန်ကြားရေးမှူး ချုပ် ဒေါ်သိဂီတင်မှ အဆိုပြုလုပ်ငန်း၏ စီးပွား ရေး ဆိုင်ရာအချက်အလက်များ၊ ငွေကြေးဆိုင်ရာအထောက်အထားများ၊ သက်ဆိုင် ရာဌာနများ၏ သဘောထား မှတ်ချက်များကို ရှင်းလင်း တင်ပြပါသည်။

ကော်မရှင်ဒုတိယဥက္ကဋ္ဌမှ အဆိုပါဟိုတယ်တည်ဆောက်မည့် မြေနေရာ နှင့်စပ်လျဉ်း၍လည်း ကောင်း၊ တယ်လီဖုံး ကဲ့သို့ သောဆက်သွယ်ရေး ပစ္စည်း များ နှင့်စပ်လျဉ်း၍လည်း ကောင်း မေး မြန်းရာ ဒုတိယဝန်ကြီး ဦး ဆက်မောင်မှ နိုင်ငံတော်အဖွဲ့အစည်းမှ မြန်မာနိုင်ငံသား မန္တလေး ဟတ်ရုကုမ္ပဏီအမည်ဖြင့် ဟိုတယ်လုပ်ငန်း ဆောင်ရွက်ရန် ချပေးထားသော မြေကိုမြန်မာနိုင်ငံသားမှ ထပ်ဆင့်ငှား ရမ်း၍ ဟိုတယ်လုပ်ငန်း ဆောင်ရွက်ခြင်း ကြောင့်၊ မြေနှင့်စပ် လျဉ်း၍ မြေထပ်ဆင့်ငှား ရမ်း သူနှင့်အငှားချထား သူတို့နှင့်သာသက်ဆိုင်ပါ ကြောင်း ရှင်း လင်း ပြောကြား ပါသည်။ ထို့အတူ ဟိုတယ်နှင့် ခရီး သွားလာ ရေး လုပ်ငန်းညွှန်ကြားရေးမှူး ဦးတင်ဌေးမှ မြေငှားရမ်းခကိုဟိုတယ်နှင့်ခရီးသွား လာရေး လုပ်ငန်းဝန်ကြီးဌာနသို့ ပေးဆောင်ရန်မလို ကြောင်းနှင့် ဆက်သွယ်ရေး ပစ္စည်း များကို ဟိုတယ်လုပ်ငန်း ရှင်မှ ဝယ်ယူပြီး ၄င်း Equipments များ ကိုဆက်သွယ် ရေး စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနသို့အပ်နှံရပါကြောင်း၊ တယ်လီဖုံး တပ် ဆင်မှုကိုသက်ဆိုင်ရာဝန်ကြီး ဌာနနှင့်သာညှိနှိုင်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ရှင်း လင်း တင်ပြပါသည်။

ကော်မရှင်မှအဆိုပြုလုပ်ငန်း အား ဆောင်ရွက်ရန် မူအားဖြင့်သ ဘောတူသဖြင့်ကုန်သွယ်မှုမူဝါဒ ကော်မတီသို့ဆက်လက်တင်ပြရန်ဆုံး ဖြတ်ပါသည်။

ညှိ၄က်

<u>ဆုံး ဖြတ်ချက်</u> ၂ လုပ်ငန်း ဆောင်ရွက်ရန် မူအား ဖြင့်သ ဘောတူသဖြင့် ကုန်သွယ်မှုမူဝါဒ ကော်မတီသို့ဆက်လက်တင်ပြရန်။	မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံ မှုကော်မရှင်။ ဟိုတယ်နှင့်ခရီး သွားလာရေးလုပ် ငန်းဝန်ကြီးဌာန

... ဟိုတယ်လုပ်ငန်း ဆောင်ရွက်ရန်အဆိုပြုတင်ပြ ခြင်းကိစ္စ။

12/2000 MIC

ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သိဂီတင်မှ အဆိုပြုလုပ်ငန်းနှင့်ပတ်သက်သော စီးပွားရေးဆိုင်ရာအချက်အလက်များနှင့် သဘောထား မှတ်ချက်တို့ကို ရှင်းလင်းတင်ပြရာတွင် မန္တလေးတိုင်း အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေး ကောင်စီ၏သဘောထားအရ ဟိုတယ်ဆောက်လုပ်မည့် မြေနေရာ ပိုင်ဆိုင်မှုမှာ မမှန်ကန်ကြောင်း ရှင်းလင်းတင်ပြပါသည်။

ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာန၊ ဝန်ကြီး ဗိုလ်ချုပ် စောလွင်မှ ယခု ဆောက်လုပ်မည့်ဟိုတယ် မြေနေရာမှာ ဟိုတယ် ဆောက်လုပ်ခွင့်ပေးထားသော ရုံးအတွင်း ပါဝင်ကြောင်း ရှင်းလင်းတင်ပြ ပါသည်။

ကော်မရှင်အစည်းအဝေးမှ အာသောကဟိုတယ်ကုမ္ပဏီလီမိတက် ၏ဟိုတယ်လုပ်ငန်း ဆောင်ရွက်ရန်အဆိုပြုတင်ပြသောကိစ္စကိုဟိုတယ်နှင့်ခရီးသွား လာရေး လုပ်ငန်း ဝန်ကြီးဌာနသို့တိုက်ရိုက်တင်ပြစေပြီး ဟိုတယ်/ခရီး ဝန်ကြီး ဌာနမှတစ်ဆင့် ကော်မရှင်သို့တင်ပြရန်ဆုံးဖြတ်ပါသည်။

၅။	အာသောကဟိုတယ်ကုမ္ပဏီလီမိတက်မှ ဟိုတယ်လုပ်ငန်းဆောင်ရွက်ရန် အဆိုပြု တင်ပြခြင်းကိစ္စ။ - အဆိုပြုလုပ်ငန်းအား ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန သို့ တင်ပြပြီး ဝန်ကြီးဌာနမှတစ်ဆင့် ကော်မရှင်သို့ တင်ပြရန်။	မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံ မှုကော်မရှင် ဟိုတယ်/ခရီး ဝန်ကြီးဌာန

သို့.မှတ်

ဟိုတယ်လုပ်ငန်း ဆောင်ရွက်ရန်အဆိုပြုတင်ပြခြင်းကိစ္စ။ ၉/၂၀၀၀

ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သိင်္ဂီတင်က အဆိုပြုလုပ်ငန်းကို ညောင်ဦးမြို့နယ်၊ ပုဂံမြို့သစ်တွင် ဆောင်ရွက်ရန်အတွက် ဟိုတယ်တည်ဆောက်ခွင့် ကာလ (၂) နှစ်အတွင်း ဆောက်လုပ်ရန် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ခွင့်ပြုထားပြီးဖြစ်ပါကြောင်းနှင့် အဆိုပြုချက်ပါ အဓိကအချက်အလက်များကို ရှင်းလင်းတင်ပြပါသည်။

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လတ်က အာသောကကုမ္ပဏီလီမိတက်ကို ဟိုတယ်တည်ဆောက်ရန် ခွင့်ပြုမိန့်ပေးထားပြီးဖြစ်ပါကြောင်း၊ ၎င်းတို့မှ တည်ဆောက်မှုလုပ်ငန်း မပြီးသေးပါသဖြင့် extension တောင်းခံသည့်အတွက် (၂) နှစ်ပေးထားပါကြောင်း၊ လုပ်ငန်းအသစ်အနေဖြင့် ပြန်လည်လျှောက်ထားသင့်ပါကြောင်း တင်ပြပါသည်။

ဥက္ကဋ္ဌဝန်ကြီး ဦးသောင်းက ယခုအဆိုပြုလုပ်ငန်းအတွက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ သဘောထားကို တောင်းခံရန် ပြောကြားပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ဟိုတယ်တည်ဆောက်ခြင်းအတွက် ၎င်းကုမ္ပဏီမှ အခွင့်အရေးယူထားခြင်း ရှိ-မရှိ စိစစ်ရန်လိုကြောင်း၊ ၎င်းတို့မှ တင်သွင်းခဲ့ပြီး ဆောက်လုပ်ငန်းသုံးပစ္စည်း

လှိုဝက်

များနှင့်စက်ပစ္စည်းများစာရင်းကို စိစစ်ပေးပြီး ကော်မရှင်သို့တင်ပြရန် ပြောကြားပါသည်။

အစည်းအဝေးမှ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသို့ သဘောထားတောင်းရန်နှင့် ပြည့်စုံမှ ကော်မရှင်သို့ ပြန်လည်တင်ပြရန် ဆုံးဖြတ်ပါသည်။

၉။ အာသောကဟိုတယ်ကုမ္ပဏီလီမိတက် (Arthawka Hotel Co., Ltd.) မှ ဟိုတယ်လုပ်ငန်းဆောင်ရွက်ရန်အဆိုပြုတင်ပြခြင်းကိစ္စ။

ဆုံးဖြတ်ချက်။

- ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ သဘောထားကို တောင်းခံရန်။
- သဘောထားရရှိမှ ပြန်လည်တင်ပြရန်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်
ဟိုတယ်နှင့်ခရီး သွားလာရေး လုပ်ငန်းဝန်ကြီးဌာန

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

၆၅၃ / ၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

တယ်လီဖုန်း - ၂၅၂၇၅၆။

စာအမှတ်၊ ၇က - ၁ / မ - ၅၀၀ / ၉၉ (၁၂၀၀၇-ဆ)၊
ရက်စွဲ၊ ၂၀၀၀ ပြည့်နှစ် ၊ မတ်လ ၁၁ ရက်။

သို့-
ဗိုလ်ချုပ် စောလွင်
ဝန်ကြီး၊
ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန။

အကြောင်းအရာ။ ။ သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ။

၁။ အာသောကဟိုတယ်ကုမ္ပဏီလီမိတက်သည် မန္တလေးတိုင်း၊ ပြင်ဦးလွင်မြို့နယ်၊ သမုဒ္ဒရာဇ်ရပ်၊ ကျန်စစ်သားရပ်ကွက်၊ ပုဂံမြို့သစ်ဦးနှစ်(၁၀)ဂရံမြေ (၁.၉၉)ဧကပေါ်တွင် အခန်း(၆၀)ပါ ဟိုတယ်လုပ်ငန်းဆောင်ရွက်ရန် အဆိုပြုတင်ပြခြင်းကိစ္စကို (၁၀-၂-၂၀၀၀)နေ့တွင် ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၅/၂၀၀၀)ကြိမ်မြောက်အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးမှ ဆောင်ရွက်မည့်လုပ်ငန်းနှင့်စပ်လျဉ်း၍ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ သဘောထားကိုတောင်းခံရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကော်မရှင်၏ဆုံးဖြတ်ချက်အရ အဆိုပြုလုပ်ငန်းအပေါ် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ဖိုနှိုင်းမေတ္တာရပ်ခံအပ်ပါသည်။

ပူးတွဲ (၁) အဆိုပြုချက်၊
(၂) မြေအထောက်အထား။

(ဦးသောင်း)
ဥက္ကဋ္ဌ

မိတ္တူကို- အာသောကဟိုတယ်ကုမ္ပဏီလီမိတက်။
* ဗိုန် ၆ - ၃ - ၂၀၀၀။

၁၈-၂-၂၀၀၀

လုပ်ငန်း စီမံကိန်း အဆိုပြုချက်၏အဓိကအချက်များ

(မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ)

၁။	ကုမ္ပဏီအမည်	အာသောကဟိုတယ်ကုမ္ပဏီလီမိတက် (Arthawka Hotel Co., Ltd.) (၂၄-၁၀-၉၆ နေ့တွင်မှတ်ပုံတင်ပြီး)
၂။	လုပ်ငန်းအဆိုပြုသူအမည်	ဒေါ်သန်းသန်းမြင့်
၃။	အဆိုပြုလုပ်ငန်းအမျိုးအစား	ဟိုတယ်လုပ်ငန်း
၄။	တည်နေရာ	ဦးပိုင်အမှတ်(၁၅၇၊ ၁၅၈၊ ၁၅၉၊ ၁၆၀၊ ၁၆၁၊ ၁၆၂၊ ၁၇၂၊ ၁၇၃၊ ၁၇၄)၊ သမုဒ္ဒရာဇ်ရပ်၊ ကျန်စစ်သားရပ်ကွက်၊ ပုဂံမြို့သစ်၊ ညောင်ဦးမြို့နယ်။
၅။	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	ကျပ် ၁၆၂.၀၀သန်း (US$ ၁.၀၀သန်းအပါအဝင်)
	- ငွေပမာဏ	ကျပ် ၈၀.၀၀သန်း
	- အဆောက်အဦ	ကျပ် ၇၆.၀၀သန်း
	- စက်ပစ္စည်းကိရိယာ	ကျပ် ၁.၅၆သန်း (US$ ၀.၂၆သန်း)
	- ပရိဘောဂနှင့်လုပ်ငန်းသုံးပစ္စည်းများ	ကျပ် ၁.၆၅သန်း (US$ ၀.၂၇သန်း)
	- အထွေထွေ	ကျပ် ၂.၇၉သန်း (US$ ၀.၄၇သန်း)
၆။	မြေအကြောင်းအရာ	
	- မြေအကျယ်အဝန်း	၀.၉၉ ဧက (၄၀၀၆.၃၉ စတုရန်းမီတာ)
	- မြေပိုင်ဆိုင်မှု	ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မန္တလေးဟတ်ဝုကုမ္ပဏီလီမိတက်အမည်ဖြင့် ဟိုတယ်လုပ်ငန်းဆောင်ရွက်ရန်ချပေးထားသောမြေ။ (မြေကိုငှားရမ်းအသုံးပြုမည်ဖြစ်ပါသည်။)
	- မြေအမျိုးအစား	နှစ်သုံးဆယ်ဂရံမြေ
၇။	ဝန်ဆောင်မှု	အခန်း(၆၀)ခန်းပါ(၂)ထပ်အဆောက်အဦ (၁)လုံးတည်ဆောက်၍ ဟိုတယ်လုပ်ငန်းဆောင်ရွက်ရန်။

၈။	တည်းခိုနိုင်သည့်နှုန်း	
	-ကျပ်ငွေဖြင့်	၄၇%
	-နိုင်ငံခြားငွေဖြင့်	၅၂%
၉။	တည်းခိုခန်းခနှုန်း	<u>ပထမနှစ်</u> <u>ပုံမှန်နှစ်</u>
	-ကျပ်ငွေဖြင့်	ကျပ် ၅၅၈၀/ခန်း ကျပ် ၁၀၇၁၈/ခန်း
	-နိုင်ငံခြားငွေဖြင့်	US$ ၃၅/Unit US$ ၆၉/Unit
၁၀။	ဝင်ငွေ (ပုံမှန်နှစ်)	
	-ကျပ်ငွေဖြင့်	ကျပ် ၁၃၆.၀၁ သန်း
	-နိုင်ငံခြားငွေဖြင့်	US$ ၀.၉၇ သန်း
၁၁။	အသားတင်အမြတ် (ပုံမှန်နှစ်)	
	-ကျပ်ငွေဖြင့်	ကျပ် ၂၆.၁၅ သန်း
	-နိုင်ငံခြားငွေဖြင့်	US$ ၀.၃၆ သန်း
၁၂။	နိုင်ငံတော်မှ ပုံမှန်နှစ်တွင်ရရှိမည့်အကျိုးအမြတ်	
	-ဝင်ငွေခွန်	ကျပ် ၁၁.၂၀ သန်း
	- " "	US$ ၀.၀၆ သန်း
	-ကုန်သွယ်လုပ်ငန်းခွန် (ပြည်တွင်းရောင်းရငွေပေါ် ၁၀%)	ကျပ် ၁၁.၃၃ သန်း US$ ၀.၀[illegible] သန်း
၁၃။	အရင်းကြေကာလ	([illegible]) နှစ်နှင့် ([illegible]) လ
၁၄။	အရင်းအနှီးအပေါ်အကျိုးအမြတ်ပြန်ပေါ်နှုန်း (IRR)	(၂[illegible]) ရာခိုင်နှုန်း
၁၅။	ဝန်ထမ်းအင်အား	<u>၁၀၁</u> ဦး
	-ပြည်တွင်း	၉၈ ဦး
	-ပြည်ပ	၃ ဦး
၁၆။	တည်ဆောက်မှုကာလ	(၂) နှစ်

၁၇။	အခြား	- စက်ပစ္စည်း ကိရိယာနှင့် ဆောက်လုပ်ရေး ပစ္စည်းများ ကိုအမေရိကန်နိုင်ငံ Pan Asean Capital Management - မှ ရွှေဆိုင်း ငွေပေး ချေခြင်း စနစ်အရ ဝယ်ယူမည်ဖြစ်ပြီး၊ တစ်နှစ်လျှင်အတိုး နှုန်း (၁၀) ရာခိုင်နှုန်းဖြင့်ဆိုင်းငံ့ကာလတစ်နှစ်အပါ အဝင် (၆) နှစ်အတွင်း ပြန်လည် ပေးဆပ်ရမည်ဖြစ် ပါသည်။ - စက်ပစ္စည်းစာရင်းနှင့် ဆောက်လုပ်ရေးပစ္စည်းစာ ရင်းကိုပူးတွဲတင်ပြထားပါသည်။ - ယင်းလုပ်ငန်းသည်မြန်မာနိုင်ငံသားများသာ လျှင်ပိုင်ဆိုင်သောလုပ်ငန်းဖြစ်ပြီး၊ နိုင်ငံခြားမှ မည်သူမျှပိုင်ဆိုင်မှုမရှိကြောင်း၊ မြေယာနှင့်ပတ် သက်၍ နိုင်ငံတော်မှသတ်မှတ်ပြဋ္ဌာန်း မည့်စည်းကမ်း များကိုလိုက်နာမည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင်ညစ် ညမ်းမှုနှင့်မိုးဘေးအန္တရာယ်များမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်မှုများပြုလုပ်ထားမည်ဖြစ်ကြောင်း၊ ချေးငွေရယူခြင်းသည်နိုင်ငံတော်နှင့်မသက်ဆိုင်ဘဲ ချေးငွေပေးသူ၊ ယူသူတို့၏တာဝန်သာဖြစ်ကြောင်း၊ ချေးငွေပြန်လည်ပေးဆပ်ရာတွင်အဆိုပြုလုပ်ငန်းမှ ရရှိသည့်တရားဝင်နိုင်ငံခြားငွေဖြင့်သာ ပေးဆပ် မည်ဖြစ်ကြောင်းနှင့်လုပ်ငန်းအသစ်ဖြစ်ကြောင်း ဝန်ခံကတိပြုထားပါသည်။ - ယင်းလုပ်ငန်း၏ ငွေရေးကြေးရေးအထောက်အထား အဖြစ်အာသောကဟိုတယ်ကုမ္ပဏီလီမိတက်၏မြန်မာ မေဖလားဝါးဘဏ်လီမိတက်ရှိ (၃-၁၁-၉၉) နေ့ ဘဏ်လက်ကျန်စာရင်း မှာကျပ် (၄.၅) သန်း ဖြစ် ပါကြောင်း တင်ပြထားပါသည်။ - ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနမှ အာသောကဟိုတယ်ကုမ္ပဏီလီမိတက်မှ မတည်ငွေရင်း ကျပ်သိန်း တစ်ထောင့်ခြောက်ရာနှစ်ဆယ်တိတိ

ဖြင့်အထပ် (၂) ထပ်၊ အခန်း (၆၀) ပါသော ဟိုတယ်အား တည်ဆောက်ခွင့်ကာလ (၂) နှစ်အတွင်း ဆောက်လုပ်ခွင့်ပြုကြောင်းပြန်ကြား လာပါသည်။

- မန္တလေး တိုင်း အေး ချမ်း သာယာ ရေး နှင့် ဖွံ့ဖြိုး ရေး ကောင်စီသို့သဘောထား မှတ်ချက် တောင်း ခံထား ဆဲဖြစ်ပါသည်။
- ပူး တွဲပါဥပဒေပုဒ်မ ၁၂ နှင့် ၁၃ အရအခွန် ကင်း လွတ်ခွင့်နှင့်သက်သာခွင့်များ ကိုခံစားခွင့် ပြုရန် လျှောက်ထား လာပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

စာအမှတ် ၊ ရက-၁/ မ-၁၁၅၁/ ၂၀၀၀ (၁၁၁၅ -င)။
ရက်စွဲ ၊ ၂၀၀၀ ပြည့်နှစ်ဇူလိုင်လ၁၂ရက်။

ကုန်သွယ်မှု မူဝါဒ ကောင်စီသို့ တင်ပြသည့်
အမှာစာ

အကြောင်းအရာ။ အာသောက ဟိုတယ် ကုမ္ပဏီ လီမိတက် မှ ဟိုတယ်လုပ်ငန်း ဆောင်ရွက်ရန် အဆိုပြု တင်ပြခြင်း ကိစ္စ။

၁။ မြန်မာကုမ္ပဏီဖြစ်သော အာသောက ဟိုတယ် ကုမ္ပဏီ လီမိတက် (Arthawka Hotel Co., Ltd.) မှ ဟိုတယ်လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက်ရန် အဆိုပြု တင်ပြလာပါသည်။ ယင်း အဆိုပြုချက်ကို (၁၅-၆-၂၀၀၀)နေ့တွင် ကျင်းပ ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၁၉ / ၂၀၀၀) အစည်းအဝေးသို့ တင်ပြခဲ့ရာ လုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန် မူအားဖြင့် သဘောတူပြီး ကုန်သွယ်မှု မူဝါဒ ကောင်စီသို့ ဆက်လက် တင်ပြရန် ဆုံးဖြတ်ချက်အရ တင်ပြခြင်းဖြစ်ပါသည်။ အဆိုပြုချက်နှင့်အတူ ရှေ့ဆိုင်းငွေပေးချေခြင်း စနစ် သဘောတူစာချုပ် (မူကြမ်း)၊ မြေငှားသဘောတူစာချုပ် (မူကြမ်း)တို့ကို နောက်ဆက်တွဲ(၁) အဖြစ် တင်ပြထားပါသည်။

၂။ ယင်းလုပ်ငန်း၏ မတည်ငွေရင်း ပမာဏမှာ အမေရိကန်ဒေါ်လာ (၁.၀၀)သန်း အပါအဝင် စုစုပေါင်း ကျပ် (၁၆၂.၀၀)သန်း ဖြစ်ပါသည်။ ယင်းတွင်ငွေသား ကျပ် (၈၀.၀၀)သန်း၊ အဆောက်အဦတန်ဖိုး ကျပ် (၇၆.၀၀)သန်း၊ စက်ပစ္စည်းကိရိယာ တန်ဖိုး ကျပ် (၁.၅၆)သန်း {အမေရိကန်ဒေါ်လာ (၀.၂၆)သန်း}၊ ပရိဘောဂနှင့် လုပ်ငန်းသုံးပစ္စည်းများတန်ဖိုး ကျပ် (၁.၆၅)သန်း {အမေရိကန်ဒေါ်လာ (၀.၂၇)သန်း}၊ အထွေထွေတန်ဖိုး ကျပ် (၂.၇၉)သန်း {အမေရိကန်ဒေါ်လာ (၀.၄၇)သန်း} ထည့်ဝင် ရင်းနှီးမည် ဖြစ်ပါသည်။ စက်ပစ္စည်းကိရိယာများကို အမေရိကန်နိုင်ငံရှိ Pan Asean Capital Management မှရှေ့ဆိုင်းငွေပေးချေခြင်း စနစ်အရ ဝယ်ယူမည်ဖြစ်ပြီး တစ်နှစ်လျှင် အတိုးနှုန်း (၁၀)ရာခိုင်နှုန်းဖြင့် ဆိုင်းငံ့ကာလ (၁)နှစ် အပါအဝင် (၆)နှစ်အတွင်း ပြန်လည်ပေးဆပ်ရမည် ဖြစ်ပါသည်။

၃။ ယင်းလုပ်ငန်းကို မန္တလေးဟတ်ဝ့ ကုမ္ပဏီ လီမိတက် အမည်ဖြင့် ညောင်ဦးခရိုင် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှ ချပေးထားသော ဦးပိုင်အမှတ် (၁၅၇၊ ၁၅၈၊ ၁၅၉၊ ၁၆၀၊ ၁၆၁၊ ၁၆၂၊ ၁၇၂၊ ၁၇၃၊ ၁၇၄)၊ သမုဒ္ဒရာစ်ရပ်၊ ကျွန်စစ်သားရပ်ကွက်၊ ပုဂံမြို့သစ်၊ ညောင်ဦးမြို့နယ်ရှိမြေ (၀.၉၉) ဧက (၄၀၀၆.၃၉ စတုရန်းမီတာ) ကို ငှားရမ်း၍ ဟိုတယ်လုပ်ငန်းဆောင်ရွက်မည် ဖြစ်ပါသည်။

၄။ ယင်းလုပ်ငန်းကိုဆောင်ရွက်ရန် အခန်း (၆၀)ပါ (၂)ထပ် အဆောက်အဦ (၁)လုံး တည်ဆောက်မည် ဖြစ်ပါသည်။ ပုံမှန်နှစ်တွင် အခန်းစုစုပေါင်း၏ (၅၂) ရာခိုင်နှုန်းကို တစ်ခန်းလျှင် အမေရိကန်ဒေါ်လာ (၆၉)နှုန်းဖြင့်လည်းကောင်း၊ (၄၇) ရာခိုင်နှုန်းကို တစ်ခန်းလျှင် ကျပ် (၁၀၇၁၈)နှုန်းဖြင့်လည်းကောင်း ငှားရမ်းနိုင်မည်ဖြစ်ပါသည်။

၅။ ယင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ်တွင် ရရှိမည့် ဝင်ငွေနှင့် အသုံးစရိတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်သန်း)

		ပြည်တွင်း	နိုင်ငံခြား	စုစုပေါင်း
(က)	ဝင်ငွေ	၁၃၆.၀၁	၅.၈၂	၁၄၁.၈၃
(ခ)	အသုံးစရိတ်	၁၀၅.၁၄	၃.၅၇	၁၀၈.၇၁
(ဂ)	အသားတင်အမြတ်	၃၀.၈၇	၂.၂၅	၃၃.၁၂

၆။ ယင်းလုပ်ငန်း၏ အရင်းကြေကာလမှာ (၆)နှစ်နှင့် (၁၁)လဖြစ်ပြီး အရင်းအနှီးအပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR) မှာ (၃၀)ရာခိုင်နှုန်း ဖြစ်ပါသည်။

၇။ ယင်းလုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ်တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က)	ဝင်ငွေခွန်	ကျပ်	၁၃.၂၃ သန်း
		အမေရိကန်ဒေါ်လာ	၀.၀၇ သန်း
(ခ)	ကုန်သွယ်လုပ်ငန်းခွန်	ကျပ်	၁၁.၃၃ သန်း
		အမေရိကန်ဒေါ်လာ	၀.၀၈ သန်း

၈။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် ပြည်တွင်းမှ ဝန်ထမ်း (၉၈)ဦး နှင့် ပြည်ပမှ ဝန်ထမ်း (၃)ဦး ခန့်ထားမည် ဖြစ်ပါသည်။

၉။ ယင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုရန်အတွက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ သဘောထားမှတ်ချက် တောင်းခံရာ လုပ်ငန်းကို ကန့်ကွက်ရန်မရှိသော်လည်း မြေပိုင်ဆိုင်မှုမှာ မှန်ကန်မှုမရှိသေးကြောင်း ပြန်ကြားထားပါသည်။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ ဟိုတယ်ဆောက်လုပ်ရန် ခွင့်ပြုမိန့်၏ သက်တမ်းမှာ (၂၀၀၁) ခုနှစ် စက်တင်ဘာလတွင် ကုန်ဆုံးမည်ဖြစ်ကြောင်း၊ ယခုအခါ ဆက်လက် ဆောက်လုပ်ခြင်းမရှိဘဲ ရပ်တန့်နေကြောင်းနှင့် ကန့်ကွက်ရန်မရှိကြောင်း ပြန်ကြားထားပါသည်။

၁၀။ ယင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်ပြီး နိုင်ငံခြားမှ မည်သူမျှ ပိုင်ဆိုင်မှု မရှိကြောင်း၊ မြေယာနှင့် ပတ်သက်၍ နိုင်ငံတော်မှ သတ်မှတ် ပြဋ္ဌာန်းမည့် စည်းကမ်း သတ်မှတ်ချက်များကို လိုက်နာ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းမှု နှင့် မီးဘေးအန္တရာယ်များ မဖြစ်ပွားစေရန် ကြိုတင် ကာကွယ်မှုများ ပြုလုပ်ထားမည်ဖြစ်ကြောင်း၊ ချေးငွေရယူခြင်းသည် နိုင်ငံတော်နှင့် သက်ဆိုင်ခြင်း

မရှိဘဲ ချေးငွေပေးသူနှင့် ယူသူတို့၏ တာဝန်သာဖြစ်ကြောင်း၊ ချေးငွေပြန်လည်ပေးဆပ်ရာတွင် အဆိုပြုလုပ်ငန်းမှ ရရှိသည့် တရားဝင် နိုင်ငံခြားငွေဖြင့်သာ ပေးဆပ်မည်ဖြစ်ကြောင်းနှင့် လုပ်ငန်းအသစ်ဖြစ်ကြောင်း ဝန်ခံကတိ ပြုထားပါသည်။

၁၁။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် လျှောက်ထားလာပါသည်။ ဥပဒေပုဒ်မ ၁၂ အရ စီးပွားရေးလုပ်ငန်းစတင်သောနှစ်အပါအဝင် တစ်ဆက်တည်း (၃)နှစ် အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် ပေးရမည် ဖြစ်ပါသည်။ ဥပဒေပုဒ်မ ၁၃ အရ အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များအနက် လုပ်ငန်းနှင့် သက်ဆိုင်သည့် အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် ကော်မရှင်မှ ညှိနှိုင်း ဆုံးဖြတ်ခဲ့ ပါသည်။

၁၂။ ဆုံးဖြတ်ရန်အချက်။

(က) အာသောက ဟိုတယ် ကုမ္ပဏီ လီမိတက်မှ ဟိုတယ်လုပ်ငန်း ဆောင်ရွက် ရန် အဆိုပြုတင်ပြခြင်းကို ခွင့်ပြုရန် သဘောတူ–မတူ။

(ခ) လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် သဘောတူပါက မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် သဘောတူ–မတူ။

၁၃။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ၏ ထောက်ခံချက်။

ကုန်သွယ်မှု မူဝါဒ ကောင်စီ၏ ဆုံးဖြတ်ချက်ကို နာခံအပ်ပါသည်။

(ဦးသောင်း)
ဥက္ကဋ္ဌ
ဝန်ကြီး၊ သိပ္ပံ နှင့် နည်းပညာ ဝန်ကြီးဌာန။

ကုန်သွယ်မှု မူဝါဒ ကောင်စီ။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

၆၅၃ / ၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

တယ်လီဖုန်း – ၂၅၂၇၅၆။

စာအမှတ်၊ ၇က – ၁ / မ – ၅ ၀ ဂ / ၉ ၉ (၁၂၀၀၇-၃၀)၊
ရက်စွဲ၊ ၂ ၀ ၀ ၀ ပြည့်နှစ် ၊ မတ်လ ၁၁ ရက်။

သို့–

ဗိုလ်ချုပ်စောလွင်
ဝန်ကြီး၊
ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန။

အကြောင်းအရာ။ ။ <u>သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ။</u>

၁။ အာသောကဟိုတယ်ကုမ္ပဏီလီမိတက်သည် မန္တလေးတိုင်း၊ ညောင်ဦးမြို့နယ်၊ သမုဒ္ဒရာဇ်ရပ်၊ ကျန်စစ်သားရပ်ကွက်၊ ပုဂံမြို့သစ်ရှိ နှစ် (၃၀) ဂရံမြေ (၁.၉၉) ဧကပေါ်တွင် အခန်း (၆၀) ပါ ဟိုတယ်လုပ်ငန်းဆောင်ရွက်ရန် အဆိုပြုတင်ပြခြင်းကိစ္စကို (၁ဂ – ၂ – ၂၀၀၀) နေ့တွင် ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၅ / ၂၀၀၀) ကြိမ်မြောက်အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးမှ ဆောင်ရွက်မည့်လုပ်ငန်းနှင့်စပ်လျဉ်း၍ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ သဘောထားကိုတောင်းခံရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကော်မရှင်၏ဆုံးဖြတ်ချက်အရ အဆိုပြုလုပ်ငန်းအပေါ် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ဩဝါဒနှိုးဆော်ပါ...

ပူးတွဲ (၁) အဆိုပြုချက်၊
(၂) မြေအထောက်အထား။

(ဦး သောင်း)
ဥက္ကဋ္ဌ

မိတ္တူကို – အာသောကဟိုတယ်ကုမ္ပဏီလီမိတက်။

* ဗိန် ၆ – ၃ – ၂၀၀၀။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
၆၅၃ / ၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

တယ်လီဖုန်း – ၂၅၂၇၅၆။

စာအမှတ်၊ ၇က – ၁ / မ – ၅၀၀ / ၂၀၀၀ ([illegible])
ရက်စွဲ၊ ၂၀၀၀ ပြည့်နှစ်၊ ဇူလိုင်လ – ၇ – ရက်။

အကြောင်းအရာ။ ။ <u>အာသောကဟိုတယ်ကုမ္ပဏီလီမိတက်မှ ဟိုတယ်လုပ်ငန်း ဆောင်ရွက်ရန်အဆိုပြုတင်ပြခြင်းကိစ္စ။</u>

ရည်ညွှန်းချက်။ ။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၉–၅–၂၀၀၀ ရက်စွဲပါစာအမှတ်၊ ၁၀–၀–၂၀၀၀/(၂)(၁၃၂၃)။

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ ရည်ညွှန်းပါစာဖြင့်တင်ပြလာခြင်းကို (၁၅–၆–၂၀၀၀) နေ့တွင်ကျင်းပသော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၉/၂၀၀၀) ကြိမ်မြောက်အစည်းအဝေးသို့တင်ပြခဲ့ပါသည်။

၂။ အဆိုပါအစည်းအဝေးမှ အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ပါသည်။

– လုပ်ငန်းဆောင်ရွက်ရန် မူအားဖြင့်သဘောတူသဖြင့် ကုန်သွယ်မှုမူဝါဒကောင်စီသို့ဆက်လက်တင်ပြရန်၊

၃။ သို့ဖြစ်ပါ၍ အထက်ပါဆုံးဖြတ်ချက်ကိုသိရှိနိုင်ပါရန်နှင့် လိုအပ်သကဲ့သို့ဆက်လက်ဆောင်ရွက်နိုင်ပါရန် အကြောင်းကြားအပ်ပါသည်။

(ဦးသောင်း)
ဥက္ကဋ္ဌ

<u>ဝန်ကြီး</u>
<u>ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန။</u>

မိတ္တူကို၊ – ၁။ ညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန။
၂။ အုပ်ချုပ်မှုဒါရိုက်တာ၊ အာသောကဟိုတယ်ကုမ္ပဏီလီမိတက်။

ဝင်း/ *

တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
မ န္တ လေး တိုင်း ၊ မ န္တ လေး တိုင်း
စာအမှတ် ၊ ၅ / ၄၃ - ၃၀၃ / ဦး ၆
ရက်စွဲ ၊ ၂၀၀၀ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှပ်နှံမှုကော်မရှင်
(၆၅၃ / ၆၉၁) ၊ကုန်သည်လမ်း
ရန်ကုန်မြို့

အကြောင်းအရာ။ **သဘောထားမှတ်ချက် တောင်းခံထားသည့်ကိစ္စ**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှပ်နှံမှုကော်မရှင်၏ (၂၅ - ၁၁ - ၉၉)ရက်စွဲပါ စာအမှတ် ၊ ရက - ၁ /မ-၅၀၈ /၉၉ (၈၉၈၄)

၁။ အာသောကဟိုတယ် ကုမ္ပဏီလီမိတက်သည် မန္တလေးတိုင်း ၊ညောင်ဦးမြို့နယ် ၊သမုဒ္ဒရာဇ်ရပ် ၊ကျန်စစ်သားရပ်ကွက် ၊ပုဂံမြို့သစ်တွင် နှစ် (၃၀)ဂရန်မြေ (၀.၉၉)ကေပေါ်တွင် (၆၀)ခန်းပါ ဟိုတယ်လုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုရန် လျှောက်ထားသည့်ကိစ္စနှင့် ပါတ်သက်၍ ရည်ညွှန်းစာဖြင့် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသို့ သဘောထားမှတ်ချက် တောင်းခံထားပါသည်။

၂။ အဆိုပါမြေနေရာအား ညောင်ဦး ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ စစ်ဆေးရာတွင် အဆောက်အဦးများ ဆောက်လုပ်ဆဲဖြစ်ကြောင်း သိရှိရပါသည်။

၃။ ယင်းကိစ္စနှင့် ပါတ်သက်၍ ပူးတွဲပါရှိသော စာရွက်စာတမ်းများကို စီစစ်လေ့လာရာတွင် မြေဂရန်ရထားသူမှာ မန္တလေး ဟတ်ဝု ကုမ္ပဏီဖြစ်ပြီး လုပ်ငန်းလုပ်ကိုင်ရန် လျှောက်ထားသူမှာ အာသောကဟိုတယ် ကုမ္ပဏီလီမိတက်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဟတ်ဝု ကုမ္ပဏီမှ အာသောက ကုမ္ပဏီသို့ တစ်ဆင့်ငှားသည့် သဘောတူစာချုပ်မူကြမ်းကို တွေ့ရှိရသော်လည်း လျှောက်ထားသူသည် လျှောက်ထားမြေကို အမှန်တကယ်ပိုင်ဆိုင်မှုရှိ မရှိ ပေါ်ပေါက်ရန် လိုအပ်ကြောင်း တွေ့ရှိရပါသည်။

၄။ သို့ဖြစ်ပါ၍ ယခုကိစ္စတွင် လုပ်ငန်းကို ကန့်ကွက်ရန် မရှိသော်လည်း မြေပိုင်ဆိုင်မှု၊ မှန်ကန်မှု မရှိသေးသည်ကို တွေ့ရှိရပါကြောင်း (၂၀ - ၁ - ၂၀၀၀)ရက်နေ့တွင် ပြုလုပ်သော မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးအမှတ်စဉ် (၉ / ၂၀၀၀) ဆုံးဖြတ်ချက်အရ ပြန်ကြားအပ်ပါသည်။

ဥက္ကဋ္ဌ (ကိုယ်စား)
(ဒုတိယဗိုလ်မှူးကြီးတင်အုန်း ၊ အတွင်းရေးမှူး)

တိကျ မှန် မြန်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန
ဝန်ကြီးရုံး

စာအမှတ်၊ ၁၈ ၈ ၂၀၀၀/(၂)( )

ရက်စွဲ၊ ၂၀၀၀ ပြည့်နှစ်၊ မေ လ ၂၉ ရက်။

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ ဟိုတယ်လုပ်ငန်းဆောင်ရွက်ခွင့်အဆိုပြုလွှာတင်ပြခြင်း။

၁။ မြန်မာနိုင်ငံသားပိုင်အာသောကဟိုတယ်ကုမ္ပဏီလီမိတက်သည် မန္တလေးတိုင်း၊ ညောင်ဦးမြို့နယ်၊ သမုဒ္ဒရာဇာရပ်၊ ကျန်စစ်သားရပ်ကွက်၊ ပုဂံမြို့ဆာစ်တွင်တည်ရှိသော မန္တလေးဟတ်ဝုဒ်ကုမ္ပဏီလီမိတက်ပိုင်မြေ (၀.၉၉) ဧကကိုနှစ် (၃၀) စာချုပ်ဖြင့်ငှားရမ်း၍အခန်း (၆၀) အထပ်(၂)ထပ်ပါဟိုတယ်တည်ဆောက်ခွင့်ကိုဝန်ကြီးဌာန၏(၂၆-၂-၉၆) နေ့စွဲပါခွင့်ပြုမိန့်အမှတ် (၀၃၄၈) ဖြင့်ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

၂။ အာသောကကုမ္ပဏီလီမိတက်အနေဖြင့်အထက်ပါလုပ်ငန်းကိုဆောင်ရွက်ရန်အတွက်ကျပ်သန်း (၁၆၂) ရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး၊ သက်ဆိုင်ရာမန္တလေးဟတ်ဝုဒ်ကုမ္ပဏီလီမိတက်နှင့်လည်းလုပ်ငန်းဆောင်ရွက်ရန်မြေငှားရမ်းမည့်နှစ်ဘက်သဘောတူစာချုပ် (မူကြမ်း) ကိုလည်းညှိနှိုင်းပြုစုထားပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍အာသောကကုမ္ပဏီလီမိတက်အနေဖြင့်အထက်ပါလုပ်ငန်းကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ၊ ရင်းနှီးမြှုပ်နှံ၍လုပ်ငန်းဆောင်ရွက်ခွင့်ပြုရေးအတွက် ရင်းနှီးမြှုပ်နှံလိုသူ၏အဆိုပြုချက်ပုံစံနှင့်လိုအပ်သောအထောက်အထားစာရွက်စာတမ်းများနှင့်အတူပြုစုပေးပို့လျှောက်ထားလာခြင်းကို ဆောင်ရွက်ခွင့်ပြုပေးနိုင်ပါရန် ပေးပို့တင်ပြအပ်ပါသည်။

ပူးတွဲတင်ပြလွှာ - ဟိုတယ်လုပ်ငန်းအဆိုပြုလွှာ

ဝန်ကြီး (ကိုယ်စား)

(ခင်မောင်လတ်၊ ညွှန်ကြားရေးမှူးချုပ်)

မိတ္တူကို - ညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန။

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ
ရင်းနှီးမြှုပ်နှံလိုသူ၏ ဂ
အဆိုပြုချက်

အာသောကဟိုတယ်ကုမ္ပဏီလီမိတက်

PROPOSAL OF THE INVESTOR TO MAKE MYANMAR CITIZENS INVESTMENT IN THE UNION OF MYANMAR

ARTHAWKA HOTEL COMPANY LIMITED

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန
ဝန်ကြီးရုံး

စာအမှတ်၊ ၁၈ ၈ ၂၀၀၁/(၂)(၇၀၂)

ရက်စွဲ၊ ၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီ လ ၁၉ ရက်။

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ အာသောကဟိုတယ်ကုမ္ပဏီလီမိတက်၏ဟိုတယ်လုပ်ငန်းဆောင်ရွက်ခွင့်အဆိုပြုတင်ပြခြင်း ။

၁။ အာသောကဟိုတယ်ကုမ္ပဏီလီမိတက်က မန္တလေးတိုင်း ညောင်ဦးမြို့နယ် သမုဒ္ဒရာဇ်ရပ်၊ ကျန်စစ်သားရပ်ကွက်တွင် အခန်း (၆၀) ပါဟိုတယ်လုပ်ငန်းဆောင်ရွက်ခွင့်အဆိုပြုတင်ပြချက်ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှတဆင့် ကုန်သွယ်မှုမူဝါဒကော်မတီသို့တင်ပြခဲ့ရာ ကုန်သွယ်မှုမူဝါဒကော်မတီ၏ (၁-၂-၂၀၀၁) နေ့တွင်ပြုလုပ်သောအစည်းအဝေးအမှတ်စဉ် (၁/၂၀၀၁) ကမူအားဖြင့်သဘောတူ၍ အစိုးရအဖွဲ့သို့တင်ပြရန်ဆုံးဖြတ်ခဲ့ပါသည်။

၂။ သို့ပါ၍ ယင်းဆုံးဖြတ်ချက်နှင့်အညီ အစိုးရအဖွဲ့သို့ဆက်လက်တင်ပြပေးပါရန် ကုမ္ပဏီ၏အဆိုပြုလွှာ (၂၂) စောင်ပူးတွဲလျက်တင်ပြအပ်ပါသည်။

တိကျမှန်ကန်

ဝန်ကြီး (ကိုယ်စား)
(ခင်မောင်လတ်၊ ညွှန်ကြားရေးမှူးချုပ်)

မိတ္တူကို -
ညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန။

မိတ္တူမှန် ကြောင်း ။

ဒုတိယညွှန်ကြားရေးမှူး
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန
ဝန်ကြီးရုံး

စာအမှတ်၊ ၁၁ ဂ ၂၀၀၀/(၂)(၃၃၅၈)

ရက်စွဲ၊ ၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၈ ၁၁ ရက်၊

ဦးအုန်း
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ အာသောကဟိုတယ်ကုမ္ပဏီလီမိတက်၏ဟိုတယ်လုပ်ငန်းဆောင်ရွက်ခွင့်အဆိုပြုတင်ပြချက်ပါမြေနေရာနှင့်စပ်လျဉ်း၍တင်ပြခြင်း ။

ရည်ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၃-၈-၂၀၀၀ နေ့စွဲပါစာအမှတ်၊ ၎က-၁/မ-၅၀၁/၂၀၀၀ (၂၀၁၄-ရှ)

၁။ အာသောကဟိုတယ်ကုမ္ပဏီလီမိတက်အနေဖြင့်ဟိုတယ်လုပ်ငန်းဆောင်ရွက်ခွင့်အဆိုပြုတင်ပြချက်ပါမြေနေရာနှင့်စပ်လျဉ်း၍ပြန်လည်မေးမြန်းတင်ပြရန်ရည်ညွှန်းပါစာဖြင့်ညွှန်ကြားထားပါသည်။

၂။ ယင်းညွှန်ကြားချက်နှင့်အညီလိုအပ်သလိုဆက်သွယ်စုံစမ်းခဲ့ရာဖွင့်ဘောင်ဦးခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကတင်ပြသည့်စာရွက်စာတမ်းအထောက်အထားများအရ၊ မန္တလေးဟတ်ဝုဒ်ကုမ္ပဏီနှင့်အာသောကကုမ္ပဏီတို့မှာဒါရိုက်တာအဖွဲ့တည်းဖြစ်ပြီးဟိုတယ်လုပ်ငန်း၊ မြေဆောင်ရွက်ရန်အလို့ငှါအာသောကကုမ္ပဏီကိုဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ မြေနေရာမှာသတ်မှတ်ဧရိယာနှင့်ကင်းလွတ်ကြောင်းစိစစ်တင်ပြခဲ့ပါသည်။

၂-သို့

၃။ ယင်းတင်ပြချက်အပေါ် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက မြေပိုင်ဆိုင်မှုမှန်ကန်ရေးနှင့်အမည်လွှဲပြောင်းရေးကိစ္စများမှာ သက်ဆိုင်ရာကုမ္ပဏီများ၏တာဝန်သာဖြစ်ကြောင်း သဘောထားမှတ်ချက်ပေးခဲ့ပါသည်။ (ပူးတွဲ-က နှင့် ခ)

၄။ သို့ဖြစ်ပါ၍ အသေအချာ သောက မြေနေရာနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများ၏ စိစစ်ထောက်ခံချက်ကိုသိရှိနိုင်ပါရန်နှင့် လိုအပ်သလိုဆက်လက်ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

ခင်မောင်လတ်

ဝန်ကြီး (ကိုယ်စား)

(ခင်မောင်လတ်၊ ညွှန်ကြားရေးမှူးချုပ်)

မိတ္တူကို -

ညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန။

(ဖ)

[illegible] ရုံး၊ သာယာဝတီရေး နှင့် မြို့ဖြူ [illegible]
[illegible] [illegible] ။ ဦး [illegible]
စာအမှတ်၊ ၁ / ၄ - ၆ / [illegible]
ရက်စွဲ၊ ၂၀၀၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၈ ရက်

သို့

ဦး [illegible]
[illegible] သာယာဝတီ ရေး နှင့် မြို့ဖြူ [illegible]
[illegible]

အကြောင်းအရာ။ [illegible] မြေနေရာ [illegible]

ရည်ညွှန်းချက်။ [illegible] ၂၀၀၀ ပြည့်နှစ်၊ ဩဂုတ်လ
[illegible] ရက်စွဲပါ စာအမှတ်၊ ၄ / ၁ / [illegible] / ၂၀၀၀

၁။ [illegible] မြေနေရာ [illegible] ။ [illegible] ကွင်း၊ [illegible] ၊ [illegible] နှင့် [illegible] [illegible] မြေ [illegible] ။ [illegible] ။ [illegible] ပါသည်။ [illegible] မြေနေရာ [illegible] ။ [illegible] ။ [illegible] သာယာဝတီရေး နှင့် မြို့ဖြူ [illegible] လာပါသည်။

၂။ [illegible] ။ [illegible] ။ [illegible] ပါသည်။ [illegible] မြေနေရာ [illegible] ။ [illegible] ပါသည်။

[illegible]
(ကိုယ်စား)

([illegible] ၊ [illegible])

မိတ္တူကို
[illegible]
[illegible]
[illegible]

ပူးတွဲ (၂)

တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
[illegible] လေး ကျိုင်း - [illegible] (လေး [illegible])
စာအမှတ်၊ ၅ / ၄၃ - ၂၀၂ / [illegible]
ရက်စွဲ၊ ၂၀၀၀ ပြည့်နှစ် အောက်တိုဘာလ ၇ ရက်

သို့

ဥက္ကဋ္ဌ
ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
[illegible] မြို့

အကြောင်းအရာ။ [illegible]

ရည်ညွှန်းချက်။ [illegible] ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ (၁၀-၈-၂၀၀၀) ရက်စွဲပါစာအမှတ်၊ ၅/၄၃-၈/[illegible]

[illegible] မြို့နယ်၊ [illegible]၊ [illegible]၊ [illegible] ... အကြောင်းကြားပါသည်။ စာ (၁၁/၂၀၀၀) ကို [illegible]

ဥက္ကဋ္ဌ (ကိုယ်စား)
([illegible]၊ ညွှန်ကြားရေးမှူး)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန
ဝန်ကြီးရုံး

စာအမှတ်၊ ၁၀ ယ ၂၄၀၀/၁၉၉၂

ရက်စွဲ၊ ၂၀၀၀ ပြည့်နှစ်၊ ဇူလိုင် လ ၆ ရက်။

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ အာသောကဟိုတယ်ကုမ္ပဏီလီမိတက်၏ဟိုတယ်လုပ်ငန်း ဆောင်ရွက်ခွင့်အဆိုပြုတင်ပြချက်ကိုကုန်သွယ်မှုမူဝါဒ ကော်မတီသို့ဆက်လက်တင်ပြပေးရေးကိစ္စ။

ရည်ညွှန်းချက်။ ဝန်ကြီးဌာန၏ ၂၉-၅-၂၀၀၀ နေ့စွဲပါစာအမှတ်၊ ၁၀ ဂ ၂၀၀၀(၂)/(၁၃၂၃)။

နေပြည့်ပုဂံမြို့တွင်ရှိ မ.. လေး ဟယ်ပုဒ်ကုမ္ပဏီ
၁။ အာသောကဟိုတယ်ကုမ္ပဏီလီမိတက်သ ငှါး ရှ်းပြီး အခန်း (၆၀) ပါဟိုတယ်တည်
ပိုင်မြေ (၀၉၉)ဧကကိုနှစ် (၃၀) စာချုပ်ဖြင့်ငှါး ရမ်း ပြီး အခန်း (၆၀) ပါဟိုတယ်တည်
ဆောက်ခွင့်ကိုမြန်မာနိုင်ငံသား မှ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီခွင့်ပြုပေး ပါ
ရန်အဆိုပြုတင်ပြချက်အပေါ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ရည်ညွှန်း ပါစာ
မှာစာဖြင့် ထောက်ခံတင်ပြပေး ခဲ့ပါသည်။
၂။ ယင်းအဆိုပြုတင်ပြချက်အပေါ် ကော်မရှင်၏ (၁၅-၆-၂၀၀၀) ရက် နေ့တွင်
ပြုလုပ်သော အစည်းအဝေး အမှတ်စဉ် (၁၉/၂၀၀၀) ကလုပ်ငန်း ဆောင်ရွက်ရန်မှုအာ
ဖြင့်သဘောတူသဖြင့်ကုန်သွယ်မှုမူဝါဒကော်မတီသို့ဆက်လက်တင်ပြရန်ဆုံးဖြတ်ပါသည်။
၃။ ကော်မရှင်၏ဆုံးဖြတ်ချက်နှင့်အညီကုန်သွယ်မှုမူဝါဒကော်မတီသို့ဆက်လက်တင်ပြပေး
နိုင်ပါရန်ကုမ္ပဏီ၏အဆိုပြုလွှာ (၁၀) စောင်ပူးတွဲပေးပို့တင်ပြအပ်ပါသည်။

ဝန်ကြီး (ကိုယ်စား)
(တင်ဖေအေး ၊ ရုံးအဖွဲ့မှူး)

မိတ္တူ/- ညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန။

သိန်း/-

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန
ဝန်ကြီးရုံး

တိကျ မှန် မြန်

ကြိုးစား [illegible] မြှင့် [illegible]

[illegible]

စာအမှတ်၊ ၁၀ ၀ ၂၀၀၀ (၂)(၁၃၂၃)

ရက်စွဲ၊ ၂၀၀၀ ပြည့်နှစ်၊ မေ လ [illegible] ရက်၊

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ ဟိုတယ်လုပ်ငန်းဆောင်ရွက်ခွင့်အဆိုပြုလွှာတင်ပြခြင်း။

၁။ မြန်မာနိုင်ငံသားပိုင်အာသောကဟိုတယ်ကုမ္ပဏီလီမိတက်သည် မန္တလေး တိုင်း၊ ညောင်ဦးမြို့နယ်၊ သမုဒ္ဒရာဇ်ရပ်၊ ကျွဲစစ်သားရပ်ကွက်ပုဂံမြို့သစ်[illegible] မန္တလေးဟတ်ဝုဒ်ကုမ္ပဏီလီမိတက်ပိုင် မြေ(၀.၉၉)ဧကကို နှစ်(၃၀)စာချုပ်ဖြင့်ငှား ရမ်း၍ အခန်း(၆၀)အထပ်(၂)ထပ်ပါဟိုတယ်တည်ဆောက်ခွင့်ကိုဌာနကြီး၏(၂၆-၂-၉၆) နေ့စွဲပါခွင့်ပြုမိန့်အမှတ်(၀၃၄၀)ဖြင့်ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။

၂။ အာသောကကုမ္ပဏီလီမိတက်အနေဖြင့်အဆိုပါလုပ်ငန်းကိုဆောင်ရွက် ရန်အတွက်ကျပ်သန်း(၁၆၂)ရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး၊ သက်ဆိုင်ရာမန္တလေးဟတ်ဝုဒ် ကုမ္ပဏီလီမိတက်နှင့်လည်းလုပ်ငန်းဆောင်ရွက်ရန် မြေငှားရမ်းမှု[illegible] (မူကြမ်း)ကိုလည်း ညှိနှိုင်းပြုစုထားပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အာသောကကုမ္ပဏီလီမိတက်အနေဖြင့်အဆိုပါလုပ်ငန်းကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ၊ ရင်းနှီးမြှုပ်နှံ၍လုပ်ငန်းဆောင်ရွက် ခွင့်ပြုရေးအတွက် ရင်းနှီးမြှုပ်နှံလိုသူ၏အဆိုပြုချက်ပုံစံနှင့်လိုအပ်သော[illegible] စာတမ်းများနှင့်အတူပြုစုပေးပို့လျှောက်ထားလာခြင်းကို ဆောင်ရွက်ခွင့်ပေး[illegible]ပါရန် ပေးပို့တင်ပြအပ်ပါသည်။

ပူးတွဲတင်ပြမှုစာ - ဟိုတယ်လုပ်ငန်းအဆိုပြုလွှာ

[signature]

နိုင်ကြီး (ကိုယ်စား)
([illegible]၊ ညွှန်ကြားရေးမှူး [illegible])

၆.၆၀ ([illegible])

မိတ္တူ - ညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန။

<u>မာတိကာ</u>

<u>မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့တင်ပြသောစာရွက်စာတမ်းများ</u>

၁။ လျှောက်လွှာ

၂။ ဝန်ခံကတိပြုချက်

၃။ အခွန်ကင်းလွတ်ခွင့်ပြုပေးပါရန်နှင့် သက်သာခွင့်ပြုပေးပါရန်တင်ပြချက်

၄။ အာသောကဟိုတယ်ကုမ္ပဏီလီမိတက်၏ အဆိုပြုလွှာ

၅။ အာသောကဟိုတယ်ကုမ္ပဏီလီမိတက်၏ဒါရိုက်တာများစာရင်း(ပူးတွဲ - ၁)

၆။ List of Machineries and Equipments(ပူးတွဲ - ၂)

၇။ မြေရာဇဝင်တင်ပြချက် (မြေငှားစာချုပ် + မြေဂရန်နှင့်ဦးပိုင်မြေပုံ၊ မြေစာရင်းပုံစံ ၁၀၅၊ ဟိုတယ်အဆောက်အဦးပုံစံ

၈။ Deferred Payment Loan Agreement (Draft)

၉။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ခွင့်ပြုမိန့်

၁၀။ ရေညာင်ဦးမြို့သက်ဆိုင်ရာအစိုးရဌာနများ၏ခွင့်ပြုချက်

၁၁။ အာသောကဟိုတယ်ကုမ္ပဏီလီမိတက်၏ကုမ္ပဏီမှတ်ပုံတင်

၁၂။ အာသောကဟိုတယ်ကုမ္ပဏီလီမိတက်၏ထုတ်ကုန်သွင်းကုန်လုပ်ကိုင်သူမှတ်ပုံတင်

၁၃။ အာသောကဟိုတယ်ကုမ္ပဏီလီမိတက်၏(FORM 26 + FORM 6)

၁၄။ ဘဏ်ထောက်ခံချက်

၁၅။ အဆိုပြုသူမှတ်ပုံတင်မိတ္တူ

ARTHAWKA HOTEL CO., LTD.

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

စာအမှတ်။ ၀၉၉၉/ATK/၉၉
ရက်စွဲ။ ၁၉၉၉ခုနှစ်၊ဒီဇင်ဘာလ(၃)ရက်။

အကြောင်းအရာ။ ။မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ခွင့်ပြုမိန့်ချမှတ်ပေးပါရန်တင်ပြလျှောက်ထားခြင်း။

၁။ အထက်ပါအကြောင်းအရာကိစ္စနှင့်စပ်လျဉ်း၍ Arthawka Hotel Co.,Ltd. သည် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ (၂၆-၂-၉၆)နေ့စွဲပါ ခွင့်ပြုမိန့်အမှတ်(၀၃၄၈) နှင့် (၁၃-၉-၉၉)နေ့စွဲပါ စာအမှတ် ၁၈ ဃ ၉၉/၂၁၈၁ တို့အရ ဟိုတယ်တည်ဆောက်ခွင့် ရရှိပြီးဖြစ်ပါသည်။

၂။ ယင်းသို့တည်ဆောက်သွားမည့်ဟိုတယ်လုပ်ငန်းအနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သတ်မှတ်ပြဋ္ဌာန်းသည့် ဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ စည်းကမ်းချက်များကို ကျင့်သုံးလိုက်နာဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Artnawka Hotel Co., Ltd အား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ခွင့်ပြုမိန့်ချမှတ်ပေးပါရန် သက်ဆိုင်ရာလျှောက်လွှာ(၁၅)စုံနှင့်အတူ ပူးတွဲပေးပို့တင်ပြ လျှောက်ထားအပ်ပါသည်။

လေးစားစွာဖြင့်

DR. THAN THAN MYINT
MANAGING DIRECTOR
ARTHAWKA HOTEL CO., LTD.

ttm/usm/arthwaka.doc

32. Manawhari Road. Yangon. Myanmar (Burma) Tel : (95-1) 224 132. 224 170 Fax : (95-1) 221 009

ARTHAWKA HOTEL CO., LTD.

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

စာအမှတ်။ ၀၁၀၀/ATK/99
ရက်စွဲ။ ၁၉၉၉ခုနှစ်၊ဒီဇင်ဘာလ(၃)ရက်။

အကြောင်းအရာ။ ။ ဟိုတယ်တည်ဆောက်မှုဆိုင်ရာကတိခံဝန်ချက်များတင်ပြခြင်း။

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပါက်သက်၍ **Arthawka Hotel Co., Ltd.** သည် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ (၂၆-၂-၉၆)နေ့စွဲပါ ခွင့်ပြုမိန့်အမှတ်(တ၃၄၈) နှင့် (၁၃-၉-၉၉)နေ့စွဲပါ စာအမှတ် ၁၈ ဃ ၉၉/၂၈၁ အရ သမုဒ္ဒရာဇ်ရပ်၊ ကျုန်စစ်သားရပ်ကွက်၊ ပုဂံမြို့သစ်၊ ညောင်ဦးမြို့နယ်ရှိ ဦးပိုင်အမှတ် (၁၅၇/၁၅၈/၁၅၉/၁၆၀/၁၆၁/၁၆၂/၁၇၂/၁၇၃/၁၇၄)ပေါ်ရှိ နှစ်(၃၀) ဂရံမြေ (၀.၉၉၀)ကေပေါ်တွင် (၂)ထပ်၊ (၆၀)ခန်းပါဟိုတယ်လုပ်ငန်း တည်ဆောက်သွားမည်ဖြစ်ပါသည်။

၂။ **Arthawka Hotel Co., Ltd.** လုပ်ငန်းသည် မြန်မာနိုင်ငံသားများသာပါဝင်သော ကုမ္ပဏီဖြစ်ပြီး၊ နိုင်ငံခြားသား မည်သူတစ်ဦးတစ်ယောက်မျှ ပိုင်ဆိုင်မှုမရှိကြောင်း ဝန်ခံကတိပြုပါသည်။

၃။ ပြည်ပမှတည်ဆောက်မှုဆိုင်ရာစက်ပစ္စည်းကိရိယာများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ဆောက်လုပ်ရေးကုန်ကြမ်းပစ္စည်းများကို ရွှေ့ဆိုင်းငွေပေးချေစနစ် **Deferred Payment (Loan In Kind) System** ဖြင့်တင်သွင်းပြီးပြန်လည်ပေးဆပ်သည့်အခါတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်အရလုပ်ကိုင်သောအဆိုပြုလုပ်ငန်းမှရရှိသည့် တရားဝင်အမေရိကန်ဒေါ်လာဖြင့်သာ ပေးဆပ်မည်ဖြစ်ပါသည်။

၄။ ယင်းသို့တင်သွင်းခွင့်ပြုသည့် စက်ပစ္စည်းကိရိယာများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ဆောက်လုပ်ရေးကုန်ကြမ်းပစ္စည်းများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုသည့်အဆိုပြု လုပ်ငန်းအတွက်သာ အသုံးပြုမည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

၅။ ပြည်ပမှစက်ပစ္စည်းကိရိယာများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ဆောက်လုပ်ရေးကုန်ကြမ်း ပစ္စည်းများကို အထက်ပါစနစ်အရ တင်သွင်းရယူဆောင်ရွက်ခြင်းသည် ကုမ္ပဏီအနေဖြင့် တာဝန်ခံဆောင်ရွက်ခြင်းဖြစ်၍နိုင်ငံတော် နှင့်သက်ဆိုင်ခြင်းမရှိကြောင်း ဝန်ခံကတိပြုပါသည်။

32. Manawhari Road. Yangon. Myanmar (Burma) Tel : (95-1) 224 132. 224 170 Fax : (95-1) 221 009

၆။ လုပ်ငန်းတည်ဆောက်ရာ ပါတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေဘဲ လေထု၊ မြေထု၊ ရေထု တို့တွင်လည်း ညစ်ညမ်းမှုမရှိစေကြောင်းနှင့် မီးဘေးအန္တရာယ် ကင်းရှင်းလုံခြုံမှုရှိပါကြောင်း ဝန်ခံကတိပြုပါသည်။

၇။ မြေအသုံးပြုမှုအတွက် နိုင်ငံတော်မှသတ်မှတ်ပြဋ္ဌာန်းသည့် စည်းကမ်းသတ်မှတ်ချက်များအား လိုက်နာဆောင်ရွက်ရန် ဝန်ခံကတိပြုပါသည်။

၈။ တည်ဆောက်မည့် ဟိုတယ်လုပ်ငန်းဆိုင်ရာအဆောက်အဦးကို နိုင်ငံတော်မှသတ်မှတ်ချက် စည်းကမ်းစည်းမျဉ်းများနှင့်အညီ ခွင့်ပြုချက် ကြိုတင်ရယူ ဆောက်လုပ်သွားမည်ဖြစ်ပါသည်။

လေးစားစွာဖြင့်

DR: THAN THAN MYINT
MANAGING DIRECTOR
ARTHAWKA HOTEL CO., LTD.

မိတ္တူကို - လက်ခံ

ARTHAWKA HOTEL CO., LTD.

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

စာအမှတ် ။ ထထ/ATK/၉၉
ရက်စွဲ ။ ၂၀၀၀ခုနှစ်၊ ဇန္နဝါရီလ(၃၁)ရက်။

အကြောင်းအရာ။ ။ အခွန်ဆိုင်ရာကင်းလွတ်ခွင့်နှင့်သက်သာခွင့်ပြုရန်တင်ပြခြင်း။

၁။ အထက်ပါအကြောင်းအရာကိစ္စနှင့်ပတ်သက်၍ **Arthawka Hotel Co., Ltd.** ကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ (၂၆-၂-၉၆)နေ့စွဲပါ ခွင့်ပြုမိန့်အမှတ် (၀၃၄၈)နှင့် (၁၃-၉-၉၉)နေ့စွဲပါ စာအမှတ် ၁၈ ဃ ၉၉/၂၁၈၁ အရ တည်ဆောက်ဆောင်ရွက်ခွင့် ရရှိပြီး သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် စီမံခန့်ခွဲရေးအဖွဲ့အစည်းအသီးသီးတို့၏ ခွင့်ပြုချက်အရ မန္တလေးတိုင်း၊ ညောင်ဦးမြို့နယ်၊ သမုဒ္ဒရာဇ်ရပ်၊ ကျန်စစ်သားရပ်ကွက်၊ ပုဂံမြို့သစ်တွင် နှစ်(၃၀)ဂရံမြေ (၀.၉၉)ဧကပေါ်တွင် (၆၀)ခန်းပါ နှစ်ထပ်ဟိုတယ်လုပ်ငန်းအား တည်ဆောက်လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ဟိုတယ်တည်ဆောက်မြေနေရာမှ **Mandaly Hardwood Co., Ltd.** မှ ပိုင်ဆိုင်ပြီး အထက်အပိုဒ်(၁)တွင် ဖော်ပြထားရှိသော နှစ်(၃၀)ဂရံမြေ (၀.၉၉)အား **Arthawka Hotel Co., Ltd.** မှ နှစ်(၃၀)နှစ်ရှည်စာချုပ်ဖြင့် ငှားရမ်း၍ ၎င်းမြေပေါ်တွင် (၆၀)ခန်းပါ နှစ်ထပ်ဟိုတယ်လုပ်ငန်း တည်ဆောက်သွားရန်ဖြစ်ပါသည်။

ဟိုတယ်တည်ဆောက်ရာတွင် လိုအပ်သောဆောက်လုပ်မှုဆိုင်ရာ၊ လုပ်ငန်းသုံးဆိုင်ရာ၊ ဆောက်လုပ်ရေးကုန်ကြမ်းများအပါအဝင် (၃၄)မျိုးကို အမေရိကန်နိုင်ငံ **PAN ASEAN CAPITAL MANAGEMENT** မှ **Deferred Payment Loan Agreement** စနစ်ဖြင့် တန်ဘိုးငွေ အမေရိကန်ဒေါ်လာ (၁)သန်းဖိုး ရယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ပြည်တွင်း၌ ဝယ်ယူရရှိနိုင်သော ပစ္စည်းများကို တန်ဘိုးငွေကျပ် (၁၅၆)သန်းဖိုး ဝယ်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ လုပ်ငန်းတည်ထောင်ဆောက်လုပ်မှုအတွက် နိုင်ငံခြားမှ **Deferred Payment Loan** အမေရိကန်ဒေါ်လာ (၁)သန်းနှင့် ညီမျှသော မြန်မာငွေကျပ် (၆)သန်းနှင့် လုပ်ငန်းမတည်ရင်းနှီးငွေကျပ် (၁၅၆)သန်းတို့ဖြင့် စုစုပေါင်း ရင်းနှီးမြှုပ်နှံငွေကျပ် (၁၆၂)သန်းဖြင့် ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

၅။ ဤဟိုတယ်လုပ်ငန်းကို အထက်ပါအတိုင်း ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍမှ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထိုက်သင့်သော နိုင်ငံခြားငွေရှာဖွေရရှိနိုင်ခြင်း၊ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများပေါ်ထွန်းစေခြင်း ဈေးကွက်စီးပွားရေးစနစ်ကို တိုးမြှင့်ထောက်ကူပြုစေနိုင်မည့် လုပ်ငန်းရပ်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း(၇)၊အပိုဒ်(၁၂)နှင့် (၁၃)တို့အရ ပြဋ္ဌာန်းထားရှိသောအခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များကို ခွင့်ပြုပေးပါရန် တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

DR. THAN THAN MYINT
MANAGING DIRECTOR
ARTHAWKA HOTEL CO., LTD.

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ

ရင်းနှီးမြှုပ်နှံလိုသူ၏

အဆိုပြုချက်

ပုံစံ (မနသ–ခ)

မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေအရ
ရင်းနှီးမြှုပ်နှံလိုသူ၏အဆိုပြုချက်
ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (၈) နှင့် ပုဒ်မ ၈

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

စာအမှတ်။ ။ ၀၁၀၆/ငစရ (ဟိုတယ်)/၉၉
ရက်စွဲ။ ၁၉၉၉ခုနှစ်၊ ဒီဇင်ဘာလ(၃)ရက်။

ကျွန်မသည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုပါသဖြင့် ခွင့်ပြုမိန့်ထုတ်ပေးပါရန် အောက်ပါအချက်များကို ဖော်ပြ၍ လျှောက်ထားအပ်ပါသည်။

၁။ ရင်းနှီးမြှုပ်နှံလိုသူ၏ –

(က)အမည်	– ဒေါ်သန်းသန်းမြင့် (ကုမ္ပဏီကိုယ်စား)
(ခ)အဖအမည်	– ဦးဦးရွှေ
(ဂ)နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ်	– ၁၂/သဃက (နိုင်) ၀၃၈၁၂
(ဃ)နေရပ်လိပ်စာ	– ၃၂၊ မနော်ဟာရီလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
(င)လူမျိုး/ဘာသာ	– မြန်မာ၊ ဗုဒ္ဓဘာသာ
(စ)အဖွဲ့အစည်းအမည်	– အာသောကဟိုတယ်ကုမ္ပဏီလီမိတက်
(ဆ)လုပ်ငန်းအမျိုးအစား	– ဟိုတယ်
(ဇ)အဖွဲ့အစည်းတည်ရှိရာအရပ်	– ၃၂၊ မနော်ဟာရီလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

၂။ ဖက်စပ်ပြုလုပ်၍ ရင်းနှီးမြှုပ်နှံလိုပါ ဖက်စပ်ပြုလုပ်မည့်သူများ - မရှိ

၃။ ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသည့် လုပ်ငန်းအမျိုးအစား -

(က)ကုန်ထုတ်လုပ်မှုလုပ်ငန်း -

(ခ)ဝန်ဆောင်မှုလုပ်ငန်း - (၆၀)ခန်းပါနှစ်ထပ်ဟိုတယ်ဆောက်၍ လုပ်ငန်းဆောင်ရွက်ရန်

၄။ လုပ်ကိုင်မည့်စီးပွားရေးပုံစံ-

(က)နိုင်ငံသားနှင့် နိုင်ငံသားတို့က အစုစပ်လုပ်ကိုင်ဆောင်ရွက်ခြင်း - မရှိ

(ခ)အဖွဲ့အစည်းနှင့်နိုင်ငံသားတို့က ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခြင်း - မရှိ

(ဂ)အဖွဲ့အစည်းနှင့်အခြားအဖွဲ့အစည်းတို့က ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခြင်း - မရှိ

၅။ ဖွဲ့စည်းထားပြီးဖြစ်သည့် သို့မဟုတ် ဖွဲ့စည်းမည့်စီးပွားရေးအဖွဲ့အစည်းပုံသဏ္ဍာန် -

(က)တစ်ဦးတည်းပိုင် - -

(ခ)ဖက်စပ်/အစုစပ်လုပ်ငန်း - -

(ဂ)လီမိတက်ကုမ္ပဏီ -အာသောကဟိုတယ်ကုမ္ပဏီလီမိတက် - (ပူးတွဲ - ၁)

(ဃ)သမဝါယမအသင်း - -

၆။ ဖက်စပ်/အစုစပ်လုပ်ငန်းဖြစ်ပါက -

(က) အစုစပ်ဝင်တို့ကထည့်ဝင်မည့်အစုငွေ အချိုးအစားနှင့်ပမာဏ - မရှိ

(ခ) အကျိုးအမြတ်ခွဲဝေမည့်အချိုးအစား - မရှိ

(ဂ) အစုဝင်များ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ - မရှိ

၇။ လီမိတက်ကုမ္ပဏီဖြစ်ပါက -

(က) ခွင့်ပြုမတည်ငွေရင်း -ကျပ်၂၀၀၀၀၀၀၀၀(ကျပ်သန်းနှစ်ရာတိတိ)-(ပူးတွဲ - ၂)

(ခ)အစုရှယ်ယာအမျိုးအစား - သာမန်အစုရှယ်ယာ

(ဂ)အစုရှယ်ယာဝင်များကထည့်ဝင်မည့် အစုရှယ်ယာပမာဏ - ဘစုလျှင်ကျပ်တစ်သောင်းတန် အစုရှယ်ယာ (၂၀၀၀၀)

၇။ ရင်းနှီးမြှုပ်နှံမှုပြုပ်လုပ်လိုသည့်အဖွဲ့အစည်းနှင့်သက်ဆိုင်သောအချက်အလက်များ –

(က)မတည်ငွေရင်းပမာဏ

(၁)ငွေပမာဏ	–	၈၀၀.၀၀၀	ကျပ်သိန်းပေါင်း	နောက်ဆက်တွဲ(၇)
(၂)အဆောက်အဦး	–	၇၆၀.၀၀၀	ကျပ်သိန်းပေါင်း	နောက်ဆက်တွဲ(၅)
(၃)စက်ပစ္စည်းနှင့်လျှပ်စစ်ပစ္စည်းများ	–	၁၅.၆၅၄	ကျပ်သိန်းပေါင်း	ပူးတွဲ (၂)
(၄)ပရိဘောဂနှင့်လုပ်ငန်းသုံးပစ္စည်းများ	–	၁၆.၄၄၆	ကျပ်သိန်းပေါင်း	၎င်း
(၅)အထွေထွေ	–	၂၇.၉၃၀	ကျပ်သိန်းပေါင်း	၎င်း

စုစုပေါင်း		၁၆၂၀.၀၀၀		

- စက်ပစ္စည်းကိရိယာနှင့်ဆောက်လုပ်ရေးကုန်ကြမ်းပစ္စည်းများကို အမေရိကန်နိုင်ငံ PAN ASEAN CAPITAL MANAGEMENT. မှရွှေ့ဆိုင်းငွေပေးချေစနစ် (DEFERRED PAYMENT SYSTEM) အရ(၅)နှစ်အတွင်း ပြန်ဆပ်၍တစ်နှစ်လျှင် အတိုး(၁၀)ရာခိုင်နှုန်းဖြင့် အကြွေးဝယ်ယူမည် ဖြစ်ပါသည်။
- အထက်ပါမတည်ငွေရင်းပမာဏတွင်ပြည်တွင်းထည့်ဝင်ငွေအဖြစ်ကျပ်သိန်း(၁၅၆၀)ပါဝင်သည်။

(ခ) နိုင်ငံခြားမှတင်သွင်းရန်လိုအပ်သည့်

	အမေရိကန်ဒေါ်လာ (သိန်းပေါင်း)	ညီမျှသည့်ကျပ် (သိန်းပေါင်း)	
(၁)စက်ပစ္စည်းနှင့်လျှပ်စစ်ပစ္စည်းများ	၂.၆၀၄	၁၅.၆၅၄	နောက်ဆက်တွဲ(၅)
(၂)ပရိဘောဂနှင့်ရုံးအသုံးဆောင်ပစ္စည်းများ	၂.၇၄၁	၁၆.၄၄၆	၎င်း
(၃)အထွေထွေဆောက်လုပ်ရေးပစ္စည်းများ	၄.၆၅၅	၂၇.၉၃၀	၎င်း
	------------	-----------	
စုစုပေါင်း	၁၀.၀၀၀	၆၀.၀၀	
	------------	-----------	

(ဂ) တည်ဆောက်မှုကာလ - (၂) နှစ်

(ဃ) ပဏာမစူးစမ်းလေ့လာမှုပြုလုပ်မည့်ကာလ - ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ခွင့်ပြုချက် ရရှိပြီး (၃) လအတွင်း။

(င)တည်ဆောက်မှုစတင်မည့်အချိန် - ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက် ရရှိပြီး (၆) လအတွင်း

၃။ ဆောင်ရွက်မည့်စီးပွားရေးလုပ်ငန်းနှင့်သက်ဆိုင်သောအချက်အလက်များ -

(က) လုပ်ငန်းအမျိုးအစား - ဟိုတယ်လုပ်ငန်း

(ခ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်ဒေသများ - မန္တလေးတိုင်း၊ ညောင်ဦးမြို့နယ်၊သုမုဒ္ဒရာဇ်ရပ်၊ ကျန်စစ်သားရပ်ကွက်၊ ပုဂံမြို့သစ်။

(ဂ) ဆောင်ရွက်ပုံနည်းစနစ် - စုစုပေါင်း နှစ် (၃၀) အငှားမြေပေါ်တွင် မိမိအစီအစဉ်ဖြင့် ဆောက်လုပ်မည်ဖြစ်ပါသည်။

(ဃ) နှစ်စဉ်စက်သုံးဆီလိုအပ်ချက် -

	အမျိုးအစား	အရေအတွက်
၁။	ဒီဇယ်ဆီ	၄၂၀၀ ဂါလံ
၂။	ဓါတ်ဆီ	၉၃၀၀ ဂါလံ
၃။	စက်ဆီချောဆီ	၅၀ ဂါလံ

(င)နှစ်စဉ်လျှပ်စစ်ဓါတ်အားလိုအပ်ချက် -

	အားအသုံးပြုမှု	မြင်းကောင်ရေ
၁။	လျှပ်စစ်ဓါတ်အား	၂၁၀၀၀ ကီလိုဝပ်
၂။	ဓါတ်ဆီ/ဒီဇယ်အင်ဂျင်စက်အင်အား	-
၃။	ဘွိုင်လာအသုံးပြုအင်ဂျင်စက်များ	-
၄။	သဘာဝဓါတ်ငွေ့သုံးစက်အား	-
၅။	ပေးပို့သည့်အခြားအား (ရေအား လေအားစသည့်များ)	-

(စ) နှစ်စဉ်ရေလိုအပ်ချက် -

(၁) တစ်နှစ် ရေလိုအပ်ချက် - ၁၈၂ ၅၀၀ ဂါလံ

(၂) တစ်နှစ် ရေလိုပါချက် - ၁၂၉၀ ၀၀၀ ဂါလံ

(မှတ်ချက် - လုပ်ငန်းတွင်းအဝီစိရေတွင်းများတူးဖေါ်သုံးစွဲမည်။)

(ဆ) နှစ်စဉ်လုပ်ငန်းသုံးပစ္စည်း/ကုန်ကြမ်းလိုအပ်ချက် -

(ဇ) အဆောက်အအုံလိုအပ်ချက် -

(ဈ)မြေနေရာအမျိုးအစားနှင့်အကျယ်အဝန်းလိုအပ်ချက် - မြေနေရာအမျိုးအစားမှာ စုစုပေါင်းနှစ်(၃၀) အငှားမြေဖြစ်ပါသည်။ အကျယ်အဝန်းမှာ (၀.၉၉) ဧကဖြစ်ပါသည်။

(ည) ခန့်မှန်းထုတ်လုပ်မည့် ကုန်ပစ္စည်း/ဆောင်ရွက်မည့်ဝန်ဆောင်မှု - ဇယား (၁) အရ

(ဋ) ရောင်းချမည့်နည်းစနစ် -

၁၀။ နှစ်စဉ်ကုန်ထုတ်လုပ်မှု/ဝန်ဆောင်မှုနှင့်စပ်လျဉ်းသောအချက်အလက်များ

	ခန့်မှန်းခြေ (ကျပ်သိန်းပေါင်း)	
	ကျပ်ငွေ	နိုင်ငံခြားငွေ
(က) လုပ်ငန်းလည်ပတ်ရန် လိုအပ်မည့်ကျပ်ငွေ -	နောက်ဆက်တွဲ ဇယား (၂)	
(ခ) လိုအပ်မည့်နိုင်ငံခြားသုံးငွေ -	နောက်ဆက်တွဲ ဇယား (၅)	
(ဂ) ရရှိမည့် နိုင်ငံခြားသုံးငွေပမာဏ -	နောက်ဆက်တွဲ ဇယား (၃)	
(ဃ) ပြည်ပသို့တင်ပို့ရောင်းချနိုင်မည့် ကုန်ပစ္စည်း/ဝန်ဆောင်မှုတန်ဘိုးပမာဏ -	နောက်ဆက်တွဲ ဇယား (၁)	
(င)နှစ်စဉ်ပြည်တွင်း၌ရောင်းချနိုင်မည့် ကုန်ပစ္စည်း/ဝန်ဆောင်မှုတန်ဘိုးပမာဏ -	နောက်ဆက်တွဲ ဇယား (၁)	

၁၁။ ဆောင်ရွက်မည့်စီးပွားရေးလုပ်ငန်းတွင် လိုအပ်မည့်အမှုထမ်းများစာရင်း - နောက်ဆက်တွဲ (၆)

(က) ပြည်တွင်းမှ လိုအပ်မည့် အမှုထမ်းများ - ၉၈ ဦး

(ခ) နိုင်ငံခြားမှ လိုအပ်မည့် ကျွမ်းကျင်သူနှင့်အတတ်ပညာရှင်များ - ၃ ဦး

စုစုပေါင်း ၁၀၀ ဦး

၁၂။ စီးပွားရေးတွက်ချက်မှုနှင့် စပ်လျဉ်းသောအချက်အလက်များ –

	ကျပ်ငွေ	နိုင်ငံခြားငွေ
(က) နှစ်စဉ်ဝင်ငွေရရှိမှု	– နောက်ဆက်တွဲ ဇယား (၃)	
(ခ) နှစ်စဉ်လုပ်ငန်းကုန်ကျစရိတ်	– နောက်ဆက်တွဲ ဇယား (၃)	
(ဂ) နှစ်စဉ်အသားတင်အမြတ်	– နောက်ဆက်တွဲ ဇယား (၃)	
(ဃ)နှစ်အလိုက်ရင်းနှီးမြှုပ်နှံမှု	– နောက်ဆက်တွဲ ဇယား (၇)	
(င)အရင်းကျေကာလ	– နောက်ဆက်တွဲ ဇယား (၄)	
(စ)အခြားအကျိုးအမြတ်များ	– နောက်ဆက်တွဲ ဇယား (၃)	

(ဆ)အလုပ်အကိုင်သစ်များပေါ်ပေါက်လာမည့်အခြေအနေ– ပြည်တွင်းမှ လုပ်သား (၉၈) ဦး၊ အလုပ်အကိုင်အခြေအနေရရှိစေမည်ဖြစ်ပါသည်။

၁၃။ ဆောင်ရွက်ရန် အဆိုပြုချက်နှင့် စပ်လျဉ်းသည့် အထောက်အထားများ၊ အဆိုပြု တင်ပြသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအတွက် အောက်ဖော်ပြပါ အထောက်အထားများကို ပူးတွဲတင်ပြအပ်ပါသည်။

(က) ပဋိညာဉ်စာချုပ်ပုံကြမ်း (လိုအပ်သည့်ကိစ္စတွင်)

(ခ) လုပ်ငန်းပိုင်နှင့် ငွေရေးကြေးရေးဆိုင်ရာ အထောက်အထားများ၊

(ဂ) လက်ရှိ ဖွဲ့စည်းပြီး အဖွဲ့အစည်းဖြစ်ပါက သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်း / ဖွဲ့စည်းခြင်း မရှိသေးပါက သင်းဖွဲ့မှတ်တမ်းမူကြမ်းနှင့် သင်းဖွဲ့စည်းမျဉ်းမူကြမ်း၊

(ဃ) လက်ရှိ ဖွဲ့စည်းပြီး အဖွဲ့အစည်းဖြစ်ပါက လက်ရှိအခြေအနေနှင့် ပြင်ဆင်ဖွဲ့စည်းမည့် အခြေအနေ အထောက်အထားများ။

လက်မှတ်၊ ....

အမည်၊ DR. THAN THAN MYINT
MANAGING DIRECTOR
ARTHAWKA HOTEL CO., LTD.

ရာထူး၊ ....

(လျှောက်ထားသူ)

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်

ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ်၊ မနသ-၄၈၃/၂၀၀၁ ၂၀၀၁ ခုနှစ်၊ မတ် လ ၂၈ ရက်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၈ အရ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည်။

(က) ရင်းနှီးမြှုပ်နှံသူ၏ အမည် ဒေါ်သန်းသန်းမြင့်

(ခ) အဘအမည် ဦးဦးရွှေ

(ဂ) နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ် ၁၂/သဃက(နိုင်)၀၁၃၈၁၂

(ဃ) နေရပ်လိပ်စာ ၃၂၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

(င) ဖွဲ့စည်းထားသည့် သို့မဟုတ် ဖွဲ့စည်းမည့်အဖွဲ့အစည်း အာသောကဟိုတယ်ကုမ္ပဏီလီမိတက်
(Arthawka Hotel Co., Ltd)

(စ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် လုပ်ငန်းအမျိုးအစား ဟိုတယ်လုပ်ငန်း

(ဆ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် အရပ်ဒေသ(များ) မန္တလေးတိုင်း၊ ညောင်ဦးမြို့နယ်၊ ကျွန်စစ်သား ရပ်ကွက်၊ သမုဒ္ဒရာဇာရပ်၊ ဦးပိုင်အမှတ်(၁၅၇၊၁၅၈၊၁၅၉၊၁၆၀၊၁၆၁၊ ၁၆၂၊၁၇၂၊၁၇၃၊၁၇၄)

(ဇ) မတည်ငွေရင်းပမာဏ(ကျပ်) ၁၆၂.၀၀သန်း
(ကျပ်တစ်ရာ့ခြောက်ဆယ့်နှစ်သန်းတိတိ)

ကျော်မောင်

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

အမိန့် ကြော်ငြာစာအမှတ်၊ ၂၉ /၂၀၀၁ (မနသ)

ရန်ကုန်မြို့၊ ၁၃၆၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်

(၂၀၀၁ ခုနှစ်၊ မတ်လ **၂၈** ရက်)

